
အခန်း ၁၁ **နေအိမ်**



# ၁ ဂျပန်နိုင်ငံရှိအိမ်ရာနှင့်စပ်လျဉ်း၍

## ၁-၁ ကိုယ်ပိုင်အိမ် (Mochi ie)

တရားဝင်ပိုင်ဆိုင်မှုရှိသောနေအိမ်ကို ဂျပန်နိုင်ငံတွင်ယေဘုယျအားဖြင့် ကိုယ်ပိုင်အိမ် ဟုခေါ်သည်။ ကိုယ်ပိုင်အိမ်ဟုဆိုရာတွင် လုံးချင်းအိမ်၊ အဆင့်မြင့်တိုက်ခန်းစသည်တို့ပါဝင်သည်။ အိမ်ဆောက်ခြင်း၊ ဝယ်ယူခြင်းများအတွက် လုပ်ထုံးလုပ်နည်းအမျိုးမျိုးနှင့် စာချုပ်စာတမ်းများ လိုအပ်မည်။

## ၁-၂ ပြည်သူ့အိမ်ရာ

နေအိမ်အခက်အခဲရှိသော ဝင်ငွေနည်းပါးသည့်သူများအတွက် ဒေသန္တရအစိုးရအဖွဲ့အစည်း များမှ စျေးနှုန်းသက်သာစွာဖြင့်အိမ်ငှားနေနိုင်စေရန် စီစဉ်ပေးထားသော အိမ်ငှားစနစ်ဖြစ်သည်။ သက်ဆိုင်ရာ စီရင်စုနှင့်မြို့နယ်အသီးသီးတွင် ဝင်ငွေစံနှုန်းစသည့် ဝင်ရောက်နေထိုင်နိုင်ရန် လိုအပ်ချက်များ သတ်မှတ် ထားသည်။

## ၁-၃ URမှငှားရမ်းသောအိမ်ရာ

UR(Urban Renaissance Agency)မှစီမံကွပ်ကဲသော အိမ်ရာငှားရမ်းစနစ်ဖြစ်သည်။ ၎င်းအိမ်ရာ များတွင်ဝင်ရောက်နေထိုင်နိုင်ရန်အတွက် URမှသတ်မှတ်ထားသောလစဉ်ဝင်ငွေနှုန်းထားကို ကျော်လွန် သည့်လစာရရှိ၍ နေထိုင်ခွင့်အဆင့်တစ်မျိုးမျိုး (အခန်းခွဲ၂-၂ကိုကြည့်ပါ) ရှိလျှင် ဝင်ရောက်နေထိုင်နိုင် သည်။

## ၁-၄ ပုဂ္ဂလိကမှငှားရမ်းသောအိမ်ရာ

သာမန် အိမ်ငှားစနစ်ဖြစ်သည်။ အိမ်ငှားစာချုပ်ချုပ်ဆို၍ မည်သူမဆို အိမ်ငှားစရိတ် ပေးကာ ငှားရမ်းနေထိုင်နိုင်သည်။ သို့သော် စာချုပ်ပါအချက်အလက်များသည် နေအိမ်အမျိုးအစားပေါ် လိုက်၍ အမျိုးမျိုးကွဲပြားသည်ဖြစ်ရာ စာချုပ်မချုပ်မီတွင် ဂရုတစိုက်ဖတ်ရှုရန်လိုအပ်သည်။

# ၂ ဝင်ရောက်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍

## ၂-၁ ပြည်သူ့အိမ်ရာ

- ပြည်သူ့အိမ်ရာသည် အိမ်ရာအခက်အခဲရှိနေသော ဝင်ငွေနည်းပါးသည့်သူများအတွက် ဈေးနှုန်း သက်သာစွာ အိမ်ငှားနေ နိုင်စေရန် စီစဉ်ပေးထားသည့်အိမ်ရာစနစ်ဖြစ်ပြီး သက်ဆိုင်ရာစီရင်စုနှင့် မြို့နယ်ရပ်ကွက်ကျေးရွာရုံး အသီးသီး၌ ဝင်ငွေစံနှုန်းစသည် ဝင်ရောက်နေထိုင်နိုင်ရန်လိုအပ်ချက် များ သတ်မှတ်ထားသည်။
- နိုင်ငံခြားသားဖြစ်လျှင် ဝင်ရောက်နေထိုင်နိုင်ရန် သာမန်လိုအပ်ချက်များအပြင် တစ်နှစ်အထက် နေထိုင်ခွင့်အဆင့်နှင့် နိုင်ငံတွင်း နေထိုင်ခဲ့သည့်ကာလတစ်လျှောက် အထောက်အထား မှတ်တမ်း ရှိခြင်း စသည့် အချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်သည်။
- ပြည်သူ့အိမ်ရာများတွင် ဝင်ရောက်နေထိုင်လိုသည့်ဆန္ဒရှိလျှင် သက်ဆိုင်ရာစီရင်စုနှင့် မြို့နယ် ရပ်ကွက်ကျေးရွာရုံး များတွင် လျှောက်လွှာတင်ရမည်။
- ဝင်ရောက်နေထိုင်ရန် လိုအပ်ချက်များနှင့် လျှောက်ထားမှုနည်းလမ်းများစသည်တို့ကို အသေးစိတ် သိရှိလိုလျှင် သက်ဆိုင်ရာစီရင်စုနှင့်မြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် မေးမြန်းစုံစမ်းပါ။

## ၂-၂ URမှငှားရမ်းသောအိမ်ရာ

- URမြို့ပြအဖွဲ့အစည်းမှ သတ်မှတ်ထားသည့် လစဉ်ဝင်ငွေစံနှုန်းကိုကျော်လွန်ရန် လိုအပ်သည်။
- နိုင်ငံခြားသားဖြစ်လျှင် နေထိုင်ခွင့်အဆင့်သည် သံတမန်၊ အစိုးရဝန်ထမ်း၊ အထူးရာသက်ပန်နေ ထိုင်သူ၊ အလယ်အလတ်မှရေရှည်နေထိုင်ခွင့်ရသူ (ရာသက်ပန်နေထိုင်သူများအပါအဝင်) ဖြစ်ရ မည်။
- ဝင်ရောက်နေထိုင်ရန်လျှောက်ထားမှုနည်းလမ်းများ၊ အခန်းလပ်သဖြင့် ဝင်ရောက်နေထိုင်နိုင်သော အခြေအနေ အသေးစိတ်ကို UR ဝန်ဆောင်မှုစင်တာ စသည်တွင် မေးမြန်းပါ။

## ၂-၃ ပုဂ္ဂလိကမှငှားရမ်းသောအိမ်ရာ

- ပုဂ္ဂလိကမှငှားရမ်းသည့်အိမ်ရာကို ရှာဖွေနေသော နိုင်ငံခြားသားများအတွက် "အိမ်ခန်းရှာဖွေရေး လမ်းညွှန်စာအုပ်"၊ "နိုင်ငံခြားသားများအတွက် ငှားရမ်းသောအိမ်ရာတွင် ဝင်ရောက်နေထိုင်ခြင်းဆိုင်ရာလမ်းညွှန်ချက်"ကို ထုတ်ဝေထားသည်။

- “အိမ်ခန်းရှာဖွေရေး လမ်းညွှန်စာအုပ်”၌ အိမ်ခန်းရှာဖွေရာတွင် အသုံးဝင်သော အောက်ပါအချက်အလက်များ ရေးသား ဖော်ပြထားသည်ဖြစ်ရာ ကိုးကားလေ့လာကြည့်နိုင်သည်။

(၁) ဂျပန်နိုင်ငံတွင်း အိမ်ငှားရမ်းနေထိုင်ရန် ရှာဖွေပုံနည်းလမ်းနှင့် စာချုပ်ချုပ်ဆိုခြင်း

(၂) လိုအပ်သောစာရွက်စာတမ်းနှင့် ကုန်ကျစရိတ်

(၃) ဝင်ရောက်နေထိုင်ရန်လုပ်ထုံးလုပ်နည်း

(၄) ဂျပန်နိုင်ငံရှိနေအိမ်များတွင် နေထိုင်ရာတွင် လိုက်နာရမည့်စည်းကမ်း

(၅) နေအိမ်ပြန်အပ်ရန် လုပ်ထုံးလုပ်နည်း

(၆) အခန်းငှားရမ်းရာတွင် သိသင့်သိထိုက်သော အိမ်ခြံမြေဝေါဟာရအသုံးအနှုန်းများ စသည်



- “အိမ်ရှာဖွေရန်အတွက်လမ်းညွှန်ချက်” ၌ ဂျပန်တွင် အိမ်ခန်းရှာဖွေရာတွင် အသုံးချနိုင်သည့် အခြေခံကျသည့် သတင်းအချက်အလက်များနှင့် နိုင်ငံခြားဘာသာစကားဖြင့် ဖြေကြားနိုင်သည့် အိမ်ခြံမြေဆိုင်၏ ဝက်ဘ်ဆိုဒ်စသည် ကိုမိတ်ဆက်ပေးထားပါသည်။

**မြေအခြေခံအဆောက်အအုံ၊သယ်ယူပို့ဆောင်ရေးနှင့်ခရီးသွားလာရေးဝန်ကြီးဌာန အင်တာနက် စာမျက်နှာ အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.mlit.go.jp/jutakukentiku/house/jutakukentiku_house_tk3_000017.html

**“အိမ်ခန်းရှာဖွေရေး လမ်းညွှန်စာအုပ်”**

| | |
|---|---|
| ဂျပန်ဘာသာ | http://www.mlit.go.jp/common/001317843.pdf |
| အင်္ဂလိပ်ဘာသာ | http://www.mlit.go.jp/common/001317844.pdf |
| တရုတ်ဘာသာ | http://www.mlit.go.jp/common/001317845.pdf |
| ကိုရီးယားဘာသာ | http://www.mlit.go.jp/common/001317846.pdf |
| စပိန်ဘာသာ | http://www.mlit.go.jp/common/001317847.pdf |
| ပေါ်တူဂီဘာသာ | http://www.mlit.go.jp/common/001317848.pdf |
| ဗီယက်နမ်ဘာသာ | http://www.mlit.go.jp/common/001316936.pdf |
| နီပေါဘာသာ | http://www.mlit.go.jp/common/001316937.pdf |
| ထိုင်းဘာသာ | http://www.mlit.go.jp/common/001312581.pdf |
| အင်ဒိုနီးရှားဘာသာ | http://www.mlit.go.jp/common/001312584.pdf |
| မြန်မာဘာသာ | http://www.mlit.go.jp/common/001312587.pdf |
| ကမ္ဘောဒီးယားဘာသာ | http://www.mlit.go.jp/common/001312589.pdf |
| ဖိလစ်ပိုင်ဘာသာ | http://www.mlit.go.jp/common/001312590.pdf |
| မွန်ဂိုလီးယားဘာသာ | http://www.mlit.go.jp/common/001312591.pdf |

ဂျပန်ဘာသာ

အင်္ဂလိပ်ဘာသာ

တရုတ်ဘာသာ

ကိုရီးယားဘာသာ

စပိန်ဘာသာ

ပေါ်တူဂီဘာသာ

ဗီယက်နမ်ဘာသာ

နီပေါဘာသာ

ထိုင်းဘာသာ

အင်ဒိုနီးရှားဘာသာ

မြန်မာဘာသာ

ကမ္ဘောဒီးယားဘာသာ

ဖိလစ်ပိုင်ဘာသာ

မွန်ဂိုလီးယားဘာသာ

**"အိမ်ရှာဖွေရန်အတွက်လမ်းညွှန်ချက်"**
https://www.mlit.go.jp/common/001334734.pdf

**နိုင်ငံခြားသားများငှားရမ်းနေထိုင်နိုင်သောအိမ်များဆိုင်ရာသတင်းအချက်အလက်**
https://www.safetynet-jutaku.jp/guest/index.php (ဂျပန်ဘာသာ)